## ၂၀၁၄ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့ ရန်ကုန်မြို့တွင် အရပ်ဖက်အဖွဲ့အစည်းများနှင့် ကျင်းပြုလုပ်သော ကမ္ဘာ့ဘဏ်အုပ်စု၏ မြန်မာနိုင်ငံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမူဘောင်အကြံပြု ဆွေးနွေးပွဲ အနှစ်ချုပ်

၂၀၁၄ ခုနှစ်ဇူလိုင်လ ၂ ရက်နေ့တွင် ကမ္ဘာ့ဘဏ်အုပ်စု မြန်မာ၏ မြန်မာနိုင်ငံဆိုင်ရာပူးပေါင်းဆောင်ရွက်မှု မူဘောင်ဆိုင်ရာ အကြံပြုဆွေးနွေးပွဲများ၏ တစ်စိတ်တစ်ပိုင်းအဖြစ် လည်းကောင်း၊ မြန်မာနိုင်ငံ စနစ်တကျ လေ့လာဆန်းစစ်မှု (Systematic Country Diagnostic) မှ ထွက်ပေါ်လာသည့် ဦးစားပေး ကဏ္ဍများကို တင်ပြနိုင်ရန်အတွက် လည်းကောင်း ရန်ကုန်မြို့တွင် အရပ်ဖက်အဖွဲ့အစည်းများနှင့် အကြံပြု ဆွေးနွေးပွဲ တစ်ရပ်ပြုလုပ်ခဲ့သည်။ တက်ရောက်လာကြသောပုဂ္ဂိုလ်များ၏ အမည်စာရင်းများအား ပူးတွဲ ဖော်ပြအပ်ပါသည်။

အကြံပြုဆွေးနွေးမှုများမှရရှိလာသော ဆွေးနွေးမှုများနှင့် အကြံပြုချက်များ၏အနှစ်ချုပ်အား ကဏ္ဍကြီး (၉)ရပ် အဖြစ်ခွဲ၍ စုစည်းဖော်ပြအပ်ပါသည်။ ကမ္ဘာ့ဘဏ်အုပ်စု၏လုပ်ဆောင်မှုများ၊ အဖွဲ့အစည်းများနှင့်ချိတ်ဆက်မှု၊ နိုင်ငံရေး အကူးအပြောင်းကာလညင်သာမှုရှိခြင်း၊ ပြည်သူ့ဝန်ဆောင်မှုကဏ္ဍစွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ စိုက်ပျိုးရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ မြေယာကဏ္ဍစီမံအုပ်ချုပ်မှုကိုတိုးတက်အောင်ပြုခြင်း၊ ပုဂ္ဂလိကကဏ္ဍတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး။

***မှတ်ချက်။ ။ လက်သည်းကွင်းတွင်ဖော်ပြထားသော (၃)၊ (၆) စသည်တို့သည် အကြောင်းအရာတစ်ခုအား ပုဂ္ဂိုလ်အသီးသီးမှ အကြံပြုဆွေးနွေးပွဲအတွင်း ဆွေးနွေးခဲ့သည့် အကြိမ်အားဖော်ပြထားခြင်းဖြစ်သည်။***

### ကမ္ဘာ့ဘဏ်အုပ်စု၏လုပ်ဆောင်မှုများ၊ အဖွဲ့အစည်းများနှင့်ချိတ်ဆက်မှု

- UN Global Compact အတိုင်းကမ္ဘာ့ဘဏ်အုပ်စု၏ လုပ်ငန်းစဉ်များကိုအကောင်အထည်ဖော်သင့်သည်။
- အကြံပြုဆွေးနွေးပွဲဖြစ်စဉ်များကို တိုးတက်အောင်ပြုလုပ်သင့်သည်။ အရပ်ဖက်အဖွဲ့အစည်းများသို့ ကမ္ဘာ့ဘဏ်အုပ်စုမှ ပြုလုပ်ခဲ့သော စီမံကိန်းများ၊ ပြုလုပ်နေဆဲစီမံကိန်းများနှင့် ပတ်သက်သော လုံလောက် သော သတင်း အချက်အလက်များ ပေးပို့သင့်သည်။ အကြံပြုဆွေးနွေးပွဲတွင် ဆွေးနွေးချိန် လုံလုံ လြောက်လောက် ပေးသင့်သည်။ ဆုံးဖြတ်ချက် ချမှတ်ခြင်းမပြုမီ သုတေသနနှင့် အကြံပြုဆွေးနွေးခြင်းများပြု လုပ်သင့်သည်။ အကြံပြုဆွေးနွေးပွဲကို ပုံမှန် ပြုလုပ်သင့်ပြီး စီမံကိန်းအကောင်အထည်မဖော်မီနှင့် အကောင်အထည်ဖော်နေစဉ်အတွင်း အကြံပြု ဆွေးနွေးပွဲများကို ဆက်လက်လုပ်ဆောင်သင့်သည်။ ကမ္ဘာ့ဘဏ်အုပ်စုအနေဖြင့် ပြည်သူလူထုကထောက်ခံသော စီမံကိန်းများကိုသာ လုပ်ဆောင်သင့်သည်။
- Quick Win ကိုအကောင်အထည်ဖော်ပါက လုံလောက်သောပြင်ဆင်မှုများပြုလုပ်နိုင်မည်မဟုတ်ပေ။ ပြင်ဆင်ခြင်း အဆင့်တွင် ကမ္ဘာ့ဘဏ်မှ လူတိုင်းပါဝင်ဆွေးနွေးရန်ဖိတ်ခေါ်သင့်သည်။ ကမ္ဘာ့ဘဏ်အနေဖြင့် မလုပ်သင့်ဟု ထင်သောအရာ မရှိသေးပေ။ ကမ္ဘာ့ဘဏ်အုပ်စုက ပိုမိုကောင်းမွန်သောအစီအစဉ်များချမှတ်နိုင်ရန် လုပ်ငန်းစဉ်များကို အလျင်စလို မလုပ်ဆောင်သင့်ပေ။
- ကမ္ဘာ့ဘဏ်အုပ်စု မြန်မာမှဝန်ထမ်းများအနေဖြင့် အခြားတိုင်းပြည်များတွင်ပြုလုပ်ခဲ့သော အမှားများကို သိရှိသင့်ပြီး သင်ခန်းစာယူသင့်သည်။ ဟွန်ဒူရပ်တွင်ဖြစ်ပေါ်ခဲ့သော ပြဿနာများကို ကမ္ဘာ့ဘဏ်အုပ်စု ဝန်ထမ်းများ သတိချပ်ရန်လိုသည်။။ ၎င်းမှာ safeguard policy သည်လုံလောက်ခြင်းမရှိကြောင်းညွှန်ပြနေသကဲ့သို့ ဖြစ်သည်။
- အရပ်ဖက်အဖွဲ့အစည်းများ၏ အကူအညီကို ကမ္ဘာ့ဘဏ်အုပ်စုက လိုချင်လျှင် ထင်သာမြင်သာသော ညွှန်ကိန်း များအား မိမိတို့ထံထားရှိပေးသင့်သည်။
- ကမ္ဘာ့ဘဏ်အုပ်စုအနေဖြင့် မြန်မာနိုင်ငံ၏ နောက်ခံအနေအထားနှင့် မတူကွဲပြားမှုများကိုနားလည်ရန်ကြိုးပမ်း သင့်သည်။
- ကမ္ဘာ့ဘဏ်အုပ်စု၏ အစီအစဉ်များသည် မြန်မာနိုင်ငံကို အလှူရှင်အပေါ်မှီခိုနေသောနိုင်ငံ မဖြစ်အောင် ဖန်တီးရမည်။

- ကမ္ဘာ့ဘဏ်အုပ်စုသည် ကျေးလက်ဒေသ၌ စွမ်းဆောင်ရည်ဖွံ့ဖြိုးမှုစီမံကိန်းများကို ကူညီထောက်ပံ့သင့်သည်။
- မြန်မာ့မြစ်ကြောင်းတစ်ရောက် အထူးသဖြင့် ဧရာဝတီ၊ သံလွင်၊ ချင်းတွင်းမြစ်များတွင် မည်သည့်ဖွံ့ဖြိုးရေး လုပ်ငန်းမှ မလုပ်သင့်ပေ။။ (၂)

**နိုင်ငံရေး အကူးအပြောင်းကာလ ညင်သာမှုရှိခြင်း**

- ရင်းနှီးမြှုပ်နှံမှုများနှင့်စီမံကိန်းများအားလုံးသည် ပဋိပက္ခမဖြစ်ကြောင်းသေချာစေပါ။
- ဆင်းရဲနွမ်းပါးမှုလျော့ချရေးကိုအာရုံစိုက်ပါက အထူးသဖြင့် ကချင်ပြည်နယ်ရှိ IDP များပြန်လည် နေရာချထားရေးကိုကူညီသင့်သည်။
- ကမ္ဘာ့ဘဏ်အုပ်စုအနေဖြင့် မက်ခရိုစီးပွားရေးတည်ငြိမ်မှုရှိရန် အစိုးရအား ငွေကြေးဖောင်းပွမှုကို ထိမ်းချုပ်ရာတွင်အကူအညီပေးသင့်သည်။
- ကမ္ဘာ့ဘဏ်အုပ်စုအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကိုအကူအညီပေးသင့်သည်။ ငြိမ်းချမ်းရေးမရှိသေးသော ဒေသများတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများမလုပ်သင့်ပေ။

**ပြည်သူ့ဝန်ဆောင်မှုကဏ္ဍစွမ်းဆောင်ရည်မြှင့်တင်ခြင်း**

- ကမ္ဘာ့ဘဏ်အုပ်စုမှ အစိုးရ၏စွမ်းဆောင်ရည်များအား မြှင့်တင်ပေးသင့်သည်။ (၂) တာဝန်ခံနိုင်သော၊ ပွင့်လင်းမြင်သာမှုရှိသော၊ ကောင်းမွန်သောအုပ်ချုပ်မှုများပေါ်ပေါက်လာစေရန် အကူအညီပေးသင့်သည်။ အစိုးရအဆင့်ဆင့်၌ စွမ်းဆောင်ရည်များမြှင့်တင်ပေးရန်လိုအပ်သည်။

- ဆင်းရဲနွမ်းပါးမှုနှုန်းလျော့ကျရန် ငွေပမာဏများပြားစွာအကုန်ကျခံနေသော်လည်း အစိုးရနှင့် အရပ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းပါမှ ဆင်းရဲနွမ်းပါးမှုလျော့ကျရေးအစီအစဉ်အောင်မြင်မည်ဖြစ်သည်။ သို့ဖြစ်ပါ၍ ကမ္ဘာ့ဘဏ်အုပ်စုမှ အစိုးရနှင့် အရပ်ဖက်အဖွဲ့အစည်းများ၊ လူထုများအကြားပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်သင့်သည်။ လူမှုအကာအကွယ်ပေးခြင်း၊ အဆင့်မီကျန်းမာရေးဝန်ဆောင်မှုစသည်တို့သည် အစိုးရအလုပ် တစ်ခုတည်းသာမဟုတ်ဘဲ လူထုမှ ထိထိရောက်ရောက်ပါဝင်မှုလိုအပ်ပေသည်။

- လူမှုကာကွယ်ရေးအစီအစဉ်များ ဖြစ်သည့်အခမဲ့ ပညာရေးနှင့် ပင်စင်တို့တွင် ကမ္ဘာ့ဘဏ်မှ ကူညီသင့်သည်။

**စိုက်ပျိုးရေးကဏ္ဍတိုးတက်ဖွံ့ဖြိုးရေးနှင့် မြေယာကဏ္ဍစီမံအုပ်ချုပ်မှုကိုတိုးတက်အောင်ပြုလုပ်ခြင်း**

- စိုက်ပျိုးရေးကဏ္ဍတိုးတက်ရေးအတွက် ကမ္ဘာ့ဘဏ်အုပ်စုအနေဖြင့် စိုက်ပျိုးရေးဝင်ငွေတိုးမြှင့်ရရှိရေး၊ မျိုးစေ့နှင့် မြေသြဇာများစသည့် သွင်းအားစုများထောက်ပံ့ပေးခြင်း၊ နည်းပညာအကူအညီများပေးခြင်း၊ ဈေးကွက်တိုးမြှင့်ရရှိရေးတို့ကိုဆောင်ရွက်ပေးသင့်သည်။

- စိုက်ပျိုးရေးတိုးတက်မှုသည် ကျေးလက်အခြေပြုဖြစ်ရမည်။ သို့ဖြစ်ပါ၍ ကမ္ဘာ့ဘဏ်အုပ်စုမှ လယ်သမားများ၏ အမြင်များရရှိအောင် တိုက်ရိုက်ဆွေးနွေးမှုပြုသင့်သည်။

- လယ်သမားများအား ကာကွယ်ပေးသင့်သည်။ လယ်သမားများအတွက် သင့်လျော်သော နည်းပညာများ အသုံးပြုခွင့်ရရန် အကူအညီပေးသင့်သည်။

- မြေယာစီမံခန့်ခွဲမှုစနစ်နှင့် ဥပဒေတိုးတက်ကောင်းမွန်ရန် ကမ္ဘာ့ဘဏ်အုပ်စုမှ အစိုးရအား ကျွမ်းကျင်မှု နှင့် အကူအညီများပေးသင့်သည်။ (၃)

**ပုဂ္ဂလိကကဏ္ဍတိုးတက်ရေး**

- ကုမ္ပဏီ ဘဏ်အုပ်စုအနေဖြင့် နိုင်ငံတကာဈေးကွက်များနှင့်ချိတ်ဆက်နိုင်စေရန်၊ ငွေကြေးအရင်းအနှီး လက်လှမ်းမီနိုင်ရန် ဆောင်ရွက်ပေးသင့်သည်။ သို့သော် ကျွမ်းကျင်လုပ်သားများပေါ်ပေါက်ရေး၊ SME တိုးတက်ရေးအတွက် အကူအညီပေးခြင်း နှင့် Corporate Social Responsibility တိုးတက်လာစေရန် ကူညီသင့်သည်။

- ပုဂ္ဂလိကပိုင်ပြုလုပ်ရေးအတွက် ယခင်ကပြဿနာများစွာကြုံခဲ့ဖူးသည်။ ထို့ကြောင့် ပြင်ဆင်မှုများပြုလုပ်နိုင်ရန် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကို ဖြေးဖြေးသွားရန်လိုအပ်သည်။

- Trade unions နှင့်ပူးပေါင်း၍ OECD နှင့် UN guidelines များထိရောက်စွာအသုံးပြုနိုင်ရန်ကြိုးပမ်းသင့်သည်။

- FDI ကိုအားမပေးသင့်ပါ။ (၂)

**ပညာရေး**

- ကုမ္ပဏီ ဘဏ်အုပ်စုအနေဖြင့် ပညာရေးကဏ္ဍတိုးတက်ဖွံ့ဖြိုးအောင် အကူအညီပေးသင့်သည်။ (၅)

- ပညာရေးကဏ္ဍအား အကူအညီပေးရာတွင် ကျောင်းသားများအတွက် ပညာသင်ထောက်ပံ့ကြေးပေးခြင်းထက် ကျောင်း အခြေခံအဆောက်အအုံဆောက်လုပ်ပေးခြင်း၊ ဆရာများတိုးမြှင့်ခန့်ထားပေးခြင်း၊ ဆရာများ၏ အရည်အသွေးများမြှင့်တင်ပေးခြင်း နှင့် သင်ထောက်ကူပစ္စည်းများထောက်ပံ့ပေးသင့်သည်။ (၅)

- အစိုးရ၏ ပညာရေးအကောင်အထည်ဖော်မှု နည်းဗျူဟာများအား သေချာစွာကြည့်ရှုရန်လိုအပ်ပြီး အရပ်ဖက်အဖွဲ့အစည်းများ နှင့် ဘုန်းတော်ကြီးများသင်ကြားပေးသော ပညာရေးစနစ်များနှင့် ပူးပေါင်းနိုင်ရန် ကူညီသင့်သည်။

- ကျောင်းမတက်နိုင်သော ကျောင်းသားများအတွက် " second chance" alternative education program များနှင့် ထိရောက်သောအသက်မွေးမှုသင်တန်းများပေါ်ပေါက်လာစေရန်ဆောင်ရွက်ပေးသင့်သည်။

- ပညာရေးအထောက်အပံ့ပေးရာတွင် ကလေးသူငယ်အခွင့်အရေးအပေါ်အခြေခံ၍ ပေးသင့်ပါသည်။ ကလေးတစ်ဦး ပုံမှန်ကြီးထွားဖွံ့ဖြိုးရန် အဟာရလုံလောက်စွာရရှိရမည်။ ဆင်းရဲနွမ်းပါးသောကိုယ်ဝန်ဆောင်မိခင် အများစုမှာ ဗီတာမင်အားဆေးများမစားနိုင်ပေ။သင့်တင့်မျှတသော အဟာရကိုနားလည်မှုမရှိပေ။

- လမ်းပန်းဆက်သွယ်ရေးကွန်ယက်တိုးမြှင့်ပေးခြင်းနှင့် လူမှုဖူလုံရေးအကူအညီပေးခြင်းသည် အခြေခံပညာရေး တိုးတက်လာစေရန် အကူအညီဖြစ်စေပေမည်။

**ကျန်းမာရေး**

- အားလုံးအကျုံးဝင်သောကျန်းမာရေး (Universal Health Coverage) ကိုအကူအညီပေးသင့်သည်။ (၃)
- ကျန်းမာရေးအာမခံနှင့် ရှေးဦးကျန်းမာရေးစောင့်ရှောက်မှုအပါအဝင် ကျန်းမာရေးစနစ်တစ်ခုလုံးပေါ်ပေါက်လာစေရန်အကူအညီပေးသင့်သည်။
- လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး နှင့် ကျန်းမာရေးမူဝါဒများ ပေါ်ပေါက်လာစေရန် ကူညီသင့်သည်။ (၂)

**လျှပ်စစ်**

- လူမှုဘဝ ၊သဘာဝပတ်ဝန်းကျင်နှင့်ကိုက်ညီသော လျှပ်စစ်ဓါတ်အားထုတ်လုပ်ခြင်းကို အကူအညီပေးသင့်သည်။ (၂)
- နူးကလီးယား သို့မဟုတ် ကျောက်မီးသွေးဖြင့် လျှပ်စစ်ဓါတ်အားထုတ်လုပ်ခြင်းကို တိုက်ရိုက်သော်လည်းကောင်း သွယ်ဝိုက်၍သော်လည်းကောင်း အကူအညီမပေးသင့်ပေ။

**သယ်ယူပို့ဆောင်ရေး နှင့် ဆက်သွယ်ရေး**

- ကမ္ဘာ့ဘဏ်အုပ်စုအနေဖြင့် သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကွန်ယက်များအား ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးသင့်သည်။ (၂) သို့သော်ဤကူညီမှုသည် ပြည်သူတို့၏ လူမှုဘဝကိုထိခိုက်စေနိုင်သော အလားအလားများ မဖြစ်စေရန် သတိထားလုပ်ဆောင်သင့်သည်။

## တက်ရောက်လာသောပုဂ္ဂိုလ်များ၏အမည်စာရင်း

| **အမည်** | **အဖွဲ့အစည်း** |
|---|---|
| အေးအေးခိုင် | KT Care Foundation |
| တင်တင်လွှမ်း | Edu Net |
| အေးမြတ်နွယ် | Thinking Classroom Foundation |
| ကျော်လင်းဦး | Myanmar People Forum working Group |
| တင်မေဝင်း | CDDCET (Community Driven Development of Capacity Enhancement Team) |
| A Bawi Thang | New generation social Development organization |
| အောင်ကျော်သိန်း | Pyoe Pin |
| ယုဝါ | KMSS |
| အာကာစိုးနောင် | Myanmar Child Rights Development Network |
| Bawi Uk Thang | Field Group/The chinland Post |
| ကေသီစိန်သန်း | (K.H)ECCD Centre |
| ဒေါက်တာခင်မောင်ဝင်း | AFFM (Arg/Far/Fed of Myan:) |
| ဤပုဂ္ဂိုလ်သည်အမည်ဖော်ပြလိုသည့်ဆန္ဒမရှိပါ။ | |
| ဒေါက်တာသန်းမြင့် | NLD |
| ဦးချစ်မြ | AGE (Action Green Earth) |
| ဒေါ်ရင်ရင်အေး | SLF (Social-lite Foundation) |
| စောယွန်း | Lan Hut Foundetic |
| မျိုးသန့်အောင် | Myanmar Bsitiue Group (National) PLHIV Network |
| Gin Uan Sum | KMSS |
| Mawi Lumme | DAN |
| ဦးအုန်း | Forest Resource Environment Development Conservation Association |
| ဒေါက်တာဘုန်းမြတ်ဝင်း | Burnel Inslhhle |
| သူရဟိန်း | Kyaung Htar Mi Khin |
| ဦးခင်မောင်ကြည် | Earth Right Defender |
| ဦးမြင့်ဆွေ | Ratana Metta |
| ပါမောက္ခဦးခင်မောင်ချို | |
| ဒေါ်ဖြူဇာဆွေ | BDA (Border Areas Development Association) |
| ဦးစောဝင်း | MMA Central |
| ယဉ်ဌေး | LRDD |
| ရဲဝင်းသူ | Myanmar Maritime worker's Federation |
| ကျော်ခိုင် | NLA |
| ခင်စောမူ | DDCET |

| | |
|---|---|
| ဒေါ်ဝါလင်းထွန်း | Friendly Child |
| ဦးမင်းစိုး | Kyatu ie.Direct Delepoy Asso: |
| ဒေါ်ငြိမ်းအေး | Kachine Peace Netword |
| ဒေါ်နွဲ့သဇင် | YCDC |
| Khon Ja | Kachin Peace Network |
| ငြိမ်းကျော်လတ် | Sympathy Hands |
| Phoo Phoo | SMART |
| သက်မြတ်နိုး | MKS |
| Eh Doh Htoo | Akhaya |
| liz Hlaing | IFI watch Myanmar |
| မျိုးမြင့် | Green Network, Magway |
| ကောသီ | MEITI/CDEC |
| ဦးသန်းလွင် | FTUM |
| Lucy Stevens | Women |
| Shin Audo | BIC |
| အာစိုင်း | Thinking Classroom Foundation |
| နီလာမြိုင် | TBC |
| San David Yawn | Wa Youth Center |